# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

September 6 , 2022 Volume 58, Number 4


၆.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၇၁၉ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၉၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၅.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၃၇.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လကုန်အထိ ရှစ်လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘောစင်းရေ ၄၁၀ ဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့


https://news-eleven.com/article/236881

၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လကုန်အထိ ရှစ်လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘောအစင်းရေ ၄၁၀ ဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၅ စင်း၊ ဇူလိုင်လတွင် ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်း ၁၅ ခု၏ ကုန်သေတ္တာ တင်သင်္ဘော ၄၉ စင်းဝင်ရောက်၍ ကုန်တင်ကုန်ချလုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇွန်လကုန်အထိ ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၃၀၆ စင်း ဝင်ရောက်ခဲ့သည်။ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များတိုးမြှင့်တင်သွင်းရန် ရန်ကုန်ဆိပ်ကမ်းများ၌ ၂၀၂၂ ဇန်နဝါရီတွင် သင်္ဘောလိုင်း ၁၃ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း၊ ဖေဖော်ဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၈ စင်း၊ မတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၀၊ ဧပြီလတွင် သင်္ဘောလိုင်း ၁၄ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၅၂ စင်း၊ မေလတွင် နိုင်ငံတကာသင်္ဘောလိုင်း ၁၂ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၅၄ စင်း၊ ဇွန်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၃ စင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ပြီး ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် ၁၁၅၀၀၀ မက်ထရစ်တန် ပိုမိုကိုင်တွယ်နိုင်ခဲ့သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှု လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ၂၀၂၁ ခုနှစ်မှစတင်ကာ Maersk Line Myanmar (Sealand Maersk) သင်္ဘောလိုင်းက ကုန်သေတ္တာတင် သင်္ဘောသစ်သုံးစင်း စတင်ပြေးဆွဲခဲ့သည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကုလားတန် ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း (KMIT) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် စစ်တွေဆိပ်ကမ်းသစ် မကြာမီဖွင့်လှစ်ပြီး တန် ၅၀၀၀-၆၀၀၀ သင်္ဘောများဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အိန္ဒိယကောင်စစ်ဝန်ချုပ် Mr.Bigekananda Bhattamishra နှင့် တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ဩဂုတ် ၂၇ ရက်က တွေ့ဆုံခဲ့ရာတွင် အိန္ဒိယကောင်စစ်ဝန်နှင့် KMTT ဆိပ်ကမ်းတာဝန်ရှိသူများက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယ-မြန်မာချစ်ကြည်ရေးအစီအစဉ်အရ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည့် KMTT@Kaladan Multi-Transit Transport စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသစ်သည် မကြာမီစတင်လည်ပတ်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ တန်ချိန် ၅၀၀၀-၆၀၀၀ သင်္ဘောများဆိုက်ကပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းစတင်လည်ပတ်နိုင်ရေး လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း လက်ခံကြိုဆိုကြောင်း၊ လိုအပ်သည်များကို အချိန်မရွေးဆက်သွယ်စုံစမ်းလာပါက ကြိုဆိုလျက်ရှိကြောင်း အိန္ဒိယကောင်စစ်ဝန်နှင့် KMTT ဆိပ်ကမ်းတာဝန်ရှိသူများကပြောကြားခဲ့ကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်ထားသည်။

ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ်ရှာဖွေတွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက်တိုးမြှင့်ခွင့်ပြုခဲ့သည့် သီလဝါ ဆိပ်ကမ်းသို့ ရေစူး ၁၀ မီတာရှိသော နိုင်ငံတကာပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/236881

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ်လ ၂၀ ရက်မှ ၂၆ ရက်နေ့အတွင်း ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၀-၈-၂၀၂၂) မှ (၂၆-၈-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် အုန်းသီးခြောက်၊ ဂျင်း(အစို)၊ စစ်တုံ့ဥ၊ ငါးမြစ်ချင်း၊ ဇီးယိုထုပ်၊ တံမျက်စည်းကြမ်း၊ နနွင်းတက်၊ ဇီးသီးခြောက်၊ ဇီးဖတ်နှင့် မန်ကျည်းစေ့တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၅၃၈၃၆၉ ဒသမ ၈၂ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း အရေအတွက် ၂၈၇ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း အရေအတွက် ၁၀၅ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းအရေအတွက် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်း တင်ပို့နိုင်မှု ငွေပမာဏမှာ ၃၅၈၀၈၁ ဒသမ ၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## မြိတ်မြို့နယ်၌ ရော်ဘာလုပ်ငန်းများ စတင်ချိန် ရာသီအဖွင့်တွင် တစ်ပိဿာပေါက်ဈေး ငွေကျပ် ၅၀၀၀ ရှိနေ



https://www.myawady.net.mm/node/30008

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ် ရော်ဘာလုပ်ငန်းများ စတင်လုပ်ကိုင်ချိန် ရာသီအဖွင့်တွင် ရော်ဘာတစ်ပိဿာကို ပေါက်ဈေးငွေကျပ် ၅၀၀၀ အထိ ရှိနေပြီး ဈေးကောင်းရရှိနေကြောင်း ရော်ဘာထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

ယခုလက်ရှိတွင် ရော်ဘာမှိုင်းခံပြား အဆင့်သုံး တစ်ပိဿာကို ငွေကျပ် ၄၉၀၀၊ ရော်ဘာ နေလှန်းပြား(ခေါင်းဝိုင်း) တစ်ပိဿာကိုငွေကျပ် ၅၀၀၀၊ နေလှန်းပြား(လေးထောင့်) တစ်ပိဿာကို ငွေကျပ် ၄၉၀၀၊ အစေးရည် DRC (၁၀၀ ရာခိုင်နှုန်း) တစ်ပိဿာကို ငွေကျပ် ၅၀၀၀၊ ခွက်လုံး၊ ခွက်ခဲ၊ ခွက်ကပ် (အသန့်) DRC (၁၀၀ ရာခိုင်နှုန်း) တစ်ပိဿာကို ငွေကျပ် ၅၀၀၀၊ ခွက်လုံး၊ ခွက်ခဲ၊ ခွက်ကပ် DRC (၁၀၀ ရာခိုင်နှုန်း) တစ်ပိဿာကို ငွေကျပ် ၄၉၀၀၊ အစေးခဲ/အစေးရည်ခဲ တစ်ပိဿာကို ငွေကျပ် ၄၈၀၀ နှင့် ဂေါ်လီချေး/ခွက်ကပ်(အခြောက်)တစ်ပိဿာကို ငွေကျပ် ၂၂၀၀ အထိ ဈေးပေါက်နေသည်။

မြိတ်မြို့နယ်ရှိ ရော်ဘာခြံများ၌ ရော်ဘာလုပ်ငန်းများကို စက်တင်ဘာလအစပိုင်းကစတင်၍ ရော်ဘာခြံများအတွင်း တောခုတ်ခြင်း၊ တောရှင်းခြင်းများနှင့် မြေဩဇာကျွေးခြင်းတို့ကိုပြုလုပ်ကြပြီး ရော်ဘာအစေးလှီးခြင်း၊ ရော်ဘာအပြား ထုတ်လုပ်ခြင်းလုပ်ငန်းများကို များသောအားဖြင့် အောက်တိုဘာလဆန်းပိုင်းလောက်တွင် စတင်လုပ်ကိုင်ကြကာ ရော်ဘာ ထုတ်လုပ် ရောင်းချသူများသည် မိုးခံရော်ဘာအပြားများကိုသာ အဓိကထုတ်လုပ်ရောင်းချကြပြီး တချို့သော ရော်ဘာခြံ များတွင် ရော်ဘာအစေးရည်များနှင့် ခွက်လုံးအခဲများကိုပါ ထုတ်လုပ်ရောင်းချကြသည်။

မြိတ်မြို့နယ်တွင် ရော်ဘာထုတ်လုပ်ရောင်းချသူများသည် ရော်ဘာများကို ဒေသအတွင်းဝယ်လက်များ၊ မြို့ပေါ်ရှိ ရော်ဘာအဝယ်ဒိုင်များနှင့် ရော်ဘာအစေးရည်ဝယ်ကုမ္ပဏီများသို့ တင်ပို့ရောင်းချလျက်ရှိကြပြီး ထားဝယ်ဘက်နှင့်ပုလော မြို့နယ်တို့မှ လာရောက်ဝယ်ယူသူများကိုလည်း ရောင်းချလျက်ရှိကြသည်။ ယခုလက်ရှိတွင် မြိတ်မြို့နယ်အတွင်းရှိ ရော်ဘာ ဝယ်ယူရောင်းချသူများ၏ ဈေးကွက်များအတွင်း၌ ရော်ဘာတစ်ပိဿာကို ပေါက်ဈေးငွေကျပ် ၅၀၀၀ အထိရှိနေကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/30008

## တရုတ်အာလူး ပြည်ပတင်ပို့မှု ဆက်လက်ကြီးထွား


https://www.foodindustrydirectory.com.mm

၂၀၂၂ ဇူလိုင်လမှာ တရုတ်နိုင်ငံမှ အာလူး (လတ်ဆတ်အာလူး၊ အေးခဲအာလူး) အများဆုံးတင်ပို့ခဲ့တဲ့ ထိပ်တန်း (၁၀) Top-10 နိုင်ငံများမှာ မလေးရှား၊ ဗီယက်နမ်၊ မြန်မာ၊ ထိုင်း၊ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဟောင်ကောင်၊ ဘရူနိုင်းနှင့် မကာအိုတို့ဖြစ်ပါတယ်။ ထို ၁၀ နိုင်ငံအနက် တရုတ်အာလူးအများဆုံး တင်သွင်းတဲ့နိုင်ငံ က မလေးရှားနိုင်ငံဖြစ်ပါတယ်။

တရုတ်အာလူး ပြည်ပတင်ပို့မှု ဇွန်လတွင် ပိုများလာခဲ့ပြီး ဇူလိုင်လတွင်လည်း ဆက်လက် အားကောင်းနေဆဲ ဖြစ်ပါတယ်။ ယခုလမှာ အာလူးအသစ်များ ဈေးကွက်ထဲ ထပ်မံ ရောက်ရှိလာနေတာကြောင့် လက်ကျန် အများအပြား ကျန်ရှိနေဆဲ ဖြစ်ပါတယ်။

အာလူးပြည်ပပို့ကုန်လုပ်ငန်းများ၊ အမှာစာများ ပုံမှန်ရရှိနေပါတယ်။ ကိုဗစ်ရောဂါကူးစက်မှု မပြင်းထန်တော့တဲ့အတွက် ရေကြောင်းမှ ပို့ဆောင်တဲ့ဈေးကွက် တဖြည်းဖြည်းပုံမှန်ပြန်ဖြစ်လာပါတယ်။ သင်္ဘောတန်ဆာခတွေလည်း ဆက်လက် ကျဆင်းနေပါတယ်။ ထိုအခြေအနေအရပ်ရပ်ကြောင့် တရုတ်အာလူး ပြည်ပတင်ပို့မှု ပိုများလာပါတယ်။

အကောက်ခွန်ဌာနမှ ထုတ်ပြန်တဲ့အချက်အလက်များအရ လတ်ဆတ်အာလူးနှင့်အေးခဲအာလူး ဇွန်လမှာ ၄၄.၆၇ ကီလိုတန် ပြည်ပတင်ပို့ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၂၆.၆၃ သန်းဖိုး တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လ ပြည်ပပို့ကုန် ပေါက်ဈေးနှုန်း မှာ လတ်ဆတ်အာလူး သို့မဟုတ် အေးခဲအာလူး တစ်တန် အမေရိကန်ဒေါ်လာ ၄၉၀ ဖြစ်ပါတယ်။ ဈေးကျသွားပါတယ်။ ဇွန်လမှာ ပေါက်ဈေး အမေရိကန်ဒေါ်လာ ၆၃၁ ရှိခဲ့ပါတယ်။

**Source: Malingshu**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4934-chinese-potato.html

## တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စက်မှုကွင်းဆက်ပူးပေါင်းဆောင်ရွက်မှု RCEP ကြောင့် ပိုမိုနက်ရှိုင်း

တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထိပ်တန်းစက္ကူစက်ရုံတွင် ယခုနှစ်အတွင်း အာဆီယံနိုင်ငံ များမှ အမှာစာများမြင့်တက်နေသဖြင့် ထုတ်လုပ်မှုလိုင်းများ အပြည့်အဝလည်ပတ်နေကြောင်း စက်ရုံမှထုတ်လုပ်သော အဖြူရောင်ကတ်ထူပြားများနှင့်ပြည့်နေသော ကွန်တိန်နာ ၉၀ နီးပါးကို ကျင်းကျိုး Qinzhou ဆိပ်ကမ်းမှတဆင့် အာဆီယံ ဈေးကွက်များဆီသို့ နေ့စဉ်တင်ပို့နေပြီး အရေအတွက်တိုးလာနေကြောင်း အင်ဒိုနီးရှား Asia Pulp & Paper Sinar Mas ပိုင်ဆိုင်သော Guangxi Jingui Pulp & Paper Co., Ltd. ထောက်ပံ့ပို့ဆောင်ရေးဌာန ဒါရိုက်တာ ကျိုးက ပြောပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) စတင်အသက်ဝင်ချိန်မှစ၍

အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ကုမ္ပဏီများအကြား ကုန်သွယ်မှုကုန်ကျစရိတ်များကို ပိုမိုလျှော့ချခဲ့ပြီး ဆက်စပ်ကုမ္ပဏီများသည် မြင်သာထင်သာသော အကျိုးခံစားခွင့်များကို မြင်တွေ့ခဲ့ရကြောင်း၊ အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ယခုနှစ် ပထမနှစ်ဝက်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ယွမ် ၂.၉၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၃၇.၈ ဘီလီယံခန့်) ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀.၆ ရာခိုင်နှုန်းတိုးမြင့်လာသည်ကို တွေ့ရကြောင်း၊ အာဆီယံနိုင်ငံများမှ တင်သွင်းလာသော သစ်သားပြားများ၊ သစ်သားပျော့ဖတ်နှင့်ကော်မှုန့် (ကစီဓာတ်) ကဲ့သို့သော ကုန်ကြမ်းများသည် RCEP သဘော တူညီချက်များကြောင့် ဦးစားပေး အကောက်ခွန်သက်သာခွင့်များရရှိနေပြီဖြစ်ပြီး ၎င်းသည် ကုမ္ပဏီ၏ကုန်ကျစရိတ်ကို များစွာ သက်သာစေကြောင်း ကျိုးမှ ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားကုမ္ပဏီသည် တရုတ်၊ လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ရှိ သစ်တောရေးရာများကို စီမံခန့်ခွဲရန်အတွက် ဇန်နဝါရီလတွင် ရုံးခွဲတစ်ခုကိုတည်ထောင်ခဲ့ပြီး တရုတ်နှင့်ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) နိုင်ငံများကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာကို စောင့်ကြည့်နေသောကြောင့် ကုမ္ပဏီအနေဖြင့် စက်မှုလုပ်ငန်း ကွင်းဆက်များ တိုးချဲ့ရန်ကြိုးပမ်းခဲ့သည်။ RCEP အကောင်အထည်ဖော်မှုသည် အာဆီယံနိုင်ငံများနှင့် တရုတ်စီးပွားရေး လုပ်ငန်းများကို ပိုမိုပွင့်လင်းမြင်သာသော ပတ်ဝန်းကျင်တွင် စီးပွားရေးလုပ်ဆောင်နိုင်စေရန်၊ အကောက်ခွန်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစေပြီး ကုန်သွယ်မှုနှင့် စီးပွားရေးဖလှယ်မှုများကို လွယ်ကူချောမွေ့စေသည်ဟု ကုမ္ပဏီများက ယုံကြည်ကြကြောင်း၊ RCEP ကို အကောင်အထည်ဖော်ခြင်းသည် ကျွန်ုပ်တို့၏ကုမ္ပဏီနှင့် မလေးရှားရှိ မိတ်ဖက် ကုမ္ပဏီများ အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေသည်" ဟု စင်ကာပူနိုင်ငံမှထောက်ပံ့ထားသော ကျန်းမာရေး အစားအစာ ထုတ်လုပ်ရေးဖြစ်သည့် မလေးရှားနိုင်ငံမှ စားသုံးနိုင်သောငှက်သိုက်များကဲ့သို့ ကုန်ကြမ်းများကို တင်သွင်းလျက် ရှိသော Guangxi Free Trade Zone Sing Nest International Trading Co., Ltd. ၏ လက်ထောက်အထွေထွေမန်နေဂျာ လီက ပြောကြားပါသည်။

RCEP သယ်ဆောင်လာသော ရိုးရှင်းသော အကောက်ခွန်ရှင်းလင်းမှုကြောင့် လုပ်ငန်း၏ထုတ်လုပ်မှုနှင့် လည်ပတ်မှု စွမ်းဆောင်ရည်မှာ အလွန်တိုးတက်ကောင်းမွန်လာကြောင်း၊ မလေးရှားနိုင်ငံမှ ကုန်ကြမ်းမှာယူမှုမှစ၍ ကုန်ပစ္စည်းလက်ခံသော အချိန်ကာလမှာ ယခင်က ၁၅ ရက်ကြာမြင့်ခဲ့သော်လည်း ယခုအခါ ၄ရက်အထိ တိုတောင်းခဲ့၍ သိုလှောင်ရုံ ကုန်ကျစရိတ် များစွာ လျှော့ချပေးခဲ့ကြောင်း၊ ကွမ်ရှီးရှိ တရုတ်ကုမ္ပဏီများက RCEP ကြောင့် အာဆီယံနိုင်ငံများနှင့် နက်ရှိုင်းစွာ ပူးပေါင်း ဆောင်ရွက်နိုင်မှုရှိ၍ ၎င်းတို့၏ယုံကြည်မှုကို မြှင့်တင်ပေးကြောင်း၊ Liugong Machinery Co., Ltd. သည် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံသို့ ကုန်တင်ယာဉ်အများအပြားကိုပို့ဆောင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ထိုင်းဖြန့်ဖြူးရေးကုမ္ပဏီ Yontrakarn နှင့် ဖက်စပ်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Zeng Guang'an က နှစ်ဖက်စလုံးသည် (၁၁) နှစ်ကြာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ထိုင်းဖောက်သည်များအား ဖက်စပ်လုပ်ငန်းဖြင့် ပိုမို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးလိုကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းများဖြင့် အာဆီယံနိုင်ငံများနှင့်ချိတ်ဆက်ထားသော ကွမ်ရှီးသည် တရုတ်နိုင်ငံနှင့် RCEP အဖွဲ့ဝင်များကြား အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီး သော ပြတင်းပေါက်တစ်ခုဖြစ်လာကြောင်း၊ ကွမ်ရှီးနှင့်အာဆီယံနိုင်ငံများကြားတွင် လေကြောင်းကုန်စည် ပို့ဆောင်ရေး လမ်းကြောင်း စုစုပေါင်း ၁၂ ခုကို ဖွင့်လှစ်ထားပြီး အဓိက အာဆီယံနိုင်ငံအားလုံးနီးပါးကို လွှမ်းခြုံထားကြောင်း ဖော်ပြထား ပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source: yunnangateway.com/html/2022/world_0823/25179.html**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84

## ချန်ဂီလေဆိပ် T2 မြန်မာအပါအဝင် ထွက်ခွာခရီးစဉ်များ အောက်တိုဘာတွင် ပြန်လည်စတင်မည်

စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ် Terminal 2 သည် ထွက်ခွာခရီးစဉ်များ အောက်တိုဘာလ ၁၁ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။ စင်ကာပူလေကြောင်းလိုင်း ထွက်ခွာခရီးစဉ်များဖြင့် ပြန်လည်စတင်မည်ဖြစ်ရာ ထိုင်းနှင့်မလေးရှားသို့ ပျံသန်းမည့် စင်ကာပူလေကြောင်းလိုင်း Singapore Airlines (SIA) ထွက်ခွာခရီးစဉ်များသည် ချန်ဂီလေဆိပ် Terminal 2 မှ ထွက်ခွာမည်ဖြစ်သည်။

အောက်တိုဘာ ၁၃ ရက်မှစ၍ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများသို့ ပျံသန်းမည့် SIA လေကြောင်းခရီးစဉ်များသည် Terminal 2 ၏ southern wing မှ ထွက်ခွာမည်ဖြစ်သည်။ ထိုအစီအစဉ်ကို Changi Airport Group (CAG) က Changi Airport Group (CAG) သည် Terminal 2 အဆင့်ဆင့် ပြန်လည်ဖွင့်လှစ်ခြင်း၏ အဆင့်တစ်ခုအဖြစ် တနင်္လာနေ့ (စက်တင်ဘာ ၅ ရက်) တွင်ကြေညာခဲ့ပါသည်။

COVID-19 ကပ်ရောဂါကြောင့် ၂ နှစ်ကြာပိတ်ထားခဲ့ပြီး မေလတွင် ဆိုက်ရောက်ခရီးစဉ်များအတွက် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ပိတ်ထားစဉ်ကာလတွင် မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အခြားလေကြောင်းလိုင်းနှစ်ခုဖြစ်သည့် Air India (AI) နှင့် Air India Express (IX) တို့သည် အောက်တိုဘာ ၁၈ ရက်တွင် Terminal 2 သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း CAG မှ ပြောကြားခဲ့ပါသည်။ Terminal ကိုအသုံးပြုသည့် အခြားလေကြောင်းလိုင်းများစာရင်းကို နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

ခရီးဆောင်အိတ်များကို အိတ်အပ်နှံကောင်တာများတွင် မပေးမီ မိမိဘာသာ check-in လုပ်လိုသူများအတွက် check-in တိုင်များ ထားရှိပေးထားပါသည်။ ထို့ပြင် အလိုအလျောက် လူဝင်မှုကြီးကြပ်ရေးဂိတ်များလည်း ထားရှိပေးထားပါသည်။ မိမိဘာသာ လူဝင်မှုကြီးကြပ်ရေးကိစ္စကို ၎င်းဂိတ်တွင် ဆောင်ရွက်နိုင်ပါသည်။

ချန်ဂီလေဆိပ်သို့ ရောက်ရှိလာသည့် SIA လေယာဉ်များအတွက် ၎င်းတို့အား Terminals 1 ၊ 2 (သို့မဟုတ်) 3 တွင် သတ်မှတ်ထားသည့် ဂိတ်များ ယခင်အတိုင်း ဆက်လက်ထားရှိမည်ဖြစ်သည်။ ချန်ဂီလေဆိပ် Terminal 4 ကို COVID-19 မှ ၂ နှစ်ကြာ လည်ပတ်မှု ရပ်ဆိုင်းထားပြီးနောက် စက်တင်ဘာ ၁၃ ရက်နေ့တွင် လုပ်ငန်းများပြန်လည်စတင်မည်ဟု ယခင်က ကြေညာထားခဲ့ပြီးဖြစ်ပါသည်။ Changi လေဆိပ် Terminal 5 တွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ အလုပ်ပြန်လည်စတင်မည်ဖြစ်သည်။

**Source: CNA**

https://www.logisticsguide.com.mm/en/industry-news/transportation/226554-changi-airport-terminal-2.html

## STOCK EXCHANGE (6.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | +1,000 | +11.36% | 9,800 | 9,800 | 9,700 | 7,006 | 68,530,800 | 33,109,694 | 324,475 |
| MTSH | 00002 | 3,700 | +200 | +5.71% | 4,000 | 4,000 | 3,700 | 34,792 | 134,974,800 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +500 | +6.67% | 7,900 | 8,000 | 7,900 | 201 | 1,607,900 | 10,400,986 | 83,208 |
| FPB | 00004 | 21,000 | +1,500 | +7.69% | 20,000 | 21,000 | 20,000 | 2,176 | 44,891,500 | 2,472,053 | 51,913 |
| TMH | 00005 | 2,600 | +100 | +4.00% | 2,550 | 2,600 | 2,550 | 1,497 | 3,891,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,850 | +150 | +5.56% | 2,800 | 2,850 | 2,800 | 1,891 | 5,339,450 | 19,977,223 | 56,935 |
| AMATA | 00007 | 5,200 | +200 | +4.00% | 5,100 | 5,200 | 5,100 | 720 | 3,742,000 | 10,497,598 | 54,588 |

## Market summary

As of 6th Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 430.27 | +32.30 | +8.12% | 433.04 | 433.58 | 425.51 | 48,283 | 262,977,650 | 7 | 748,497 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 6th Sep. 2022

| MYANPIX | 430.27 ▲ 32.30 |
|---|---|
| Total Volume (shares) | 48,283 |
| Total Value (MMK) | 263 mil |
| Listed Company | 7 |
| Market Cap. (MMK) | 748,497 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▲ 1,000 |
| MTSH | 00002 | 3,700 | ▲ 200 |
| MCB | 00003 | 8,000 | ▲ 500 |
| FPB | 00004 | 21,000 | ▲ 1,500 |
| TMH | 00005 | 2,600 | ▲ 100 |
| EFR | 00006 | 2,850 | ▲ 150 |
| AMATA | 00007 | 5,200 | ▲ 200 |